၂၀၁၂ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာ

မြန်မာနိုင်ငံ – စောင့်ကြည့်အဆင့်-၂

မြန်မာနိုင်ငံသည် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများအား အခြားနိုင်ငံများ၌ အဓမ္မခိုင်းစေခံအဖြစ် တင်ပို့သော အရင်းအမြစ်ဖြစ်နေသလို အမျိုးသမီးများနှင့်ကလေးများကိုလည်း လိင်ကုန်ကူးခံရစေသောနိုင်ငံဖြစ်နေသည်။ ရွှေ့ပြောင်းအလုပ်သမားအဖြစ် ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် တောင်ကိုရီးယားနိုင်ငံများသို့ သွားကြသော မြန်မာအမျိုးသား၊ အမျိုးသမီးနှင့် ကလေးများသည် အဓမ္မခိုင်းစေခံရခြင်းနှင့် လိင်ကုန်ကူးခံရခြင်း အခြေအနေတို့နှင့် ရင်ဆိုင်ကြရသည်။ စီးပွားရေးချို့တဲ့မှုကြောင့် တရားဝင်ဖြစ်စေ၊ တရားမဝင်သော နိုင်ငံကူးမှုပုံစံနှင့်ဖြစ်စေ မြန်မာများသည် အရှေ့အာရှသို့သာမက အရှေ့အလယ်ပိုင်းဒေသအထိ ပြောင်းရွှေ့သွားကြရာ၌ အဓမ္မခိုင်းစေခံနှင့် လိင်ကျွန်များ ဖြစ်လာကြရသည်။ ဥပမာအားဖြင့် အမျိုးသားများသည် ပြည်ပ၌ ငါးလုပ်ငန်းနှင့် ဆောက်လုပ်ရေးတို့တွင် အဓမ္မခိုင်းစေခံရသည်။ ဘင်္ဂလားဒေ့ရှ်မှ လူကုန်ကူးခံသားကောင်များသည် မလေးရှားသို့သွားရာတွင် မြန်မာနိုင်ငံကို ဖြတ်သန်းကြရသလို တရုတ်နိုင်ငံမှ သားကောင်များကလည်း ထိုင်းသို့သွားရာ၌ မြန်မာနိုင်ငံကို ဖြတ်ကြရသည်။ ယင်းသို့ တရားဝင်နှင့် တရားမဝင်နည်းလမ်းများဖြင့် အလုပ်အကိုင်ရှာဖွေရာမှ လူကုန်ကူးမှုပုံစံအမျိုးမျိုး၏ သားကောင်ဖြစ်လာကြရသောကြောင့် မြန်မာအစိုးရသည် မြန်မာ့နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေတို့ကို စတင်ကိုင်တွယ်ပြီဟု သိရသည်။

မြန်မာနိုင်ငံအတွင်း၌ အစိုးရအရာရှိများရော၊ ပုဂ္ဂလိကလုပ်ရှားသူများပါ လူကုန်ကူးနေခြင်းသည် ထင်ရှားသောပြဿနာဖြစ်နေသည်။ စစ်ဘက်ပုဂ္ဂိုလ်များနှင့် သောင်းကျန်းသူများကပါ တရားမဝင် ကလေးစစ်သားစုဆောင်းခြင်းကို ကျူးလွန်နေကြကာ နိုင်ငံအတွင်း၌ အဓမ္မအလုပ်စေခိုင်းမှုကို ဦးဆောင်ကျူးလွန်နေသူများဖြစ်ကြပြီး အထူးသဖြင့် ပဋိပက္ခဖြစ်လွယ်သော လူမျိုးစုဒေသများ၌ ကျူးလွန်နေကြသည်။ ၂၀၁၁ ခုနှစ် ဇွန်မှစလျက် ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားသည့်နောက်ပိုင်း ကချင်ဒေသခံ ၆၀၀၀၀ မျှသည် နေရပ်ကိုစွန့်ခွာထွက်ပြေးကြရသဖြင့် အဓမ္မခိုင်းစေမှုနှင့် လိင်ကုန်ကူးမှုခံရရန် အလွယ်ကူဆုံး အခြေအနေတွင် ရှိနေကြသည်။

၂၀၁၀ ပြည့်နှစ်အတွင်း ထုတ်ပြန်သော အင်န်ဂျီအို့အဖွဲ့တစ်ဖွဲ့၏ အစီရင်ခံစာအရ ချင်းပြည်နယ်၌ စိုးရိမ်ဖွယ်ရာပြဿနာအဖြစ် အဓမ္မခိုင်းစေမှုကို တွေ့ရသည်။ အိမ်ထောင်စု ၆၀၀ ကို ကောက်ယူသော စစ်တမ်း၌ ၉၂ ရာခိုင်နှုန်းသည် အဓမ္မခိုင်းစေခံရမှုကို ကြုံတွေ့ခဲ့ရပြီး အိမ်ထောင်စုတိုင်းမှ အနည်းဆုံးတစ်ဦးမျှ ခိုင်းစေခံခဲ့ရသည်။ ထိုအဓမ္မခိုင်းစေမှု၏ သုံးပုံနှစ်ပုံမျှကို မြန်မာ့တပ်မတော်က အမိန့်ပေးခိုင်းစေသည်ဟုသိရသည်။ အာဏာပိုင်များက (ရိုဟင်ဂျာအပါအဝင်)အချို့သော တိုင်းရင်းသားလူနည်းစုမျိုးနွယ်စုများကို နိုင်ငံသားအဖြစ် အသိအမှတ်မပြုခြင်းနှင့် မှတ်ပုံတင်စာရွက်စာတမ်းများလည်း ထုတ်ပေးခြင်းမရှိသောကြောင့် ထိုလူ့အဖွဲ့အစည်းများသည် လူကုန်ကူးခံရရန် ပို၍နီးစပ်ကြသည်။ စစ်ဘက်နှင့်အရပ်ဘက်အရာရှိများက နှစ်နှင့်ချီ၍ ယောကျ်ား၊ မိန်းမနှင့် ကလေးများကို အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ နိုင်ငံပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများနှင့် စစ်တပ်အတွက် အထမ်းသမားအဖြစ် စနစ်တကျ အဓမ္မခိုင်းစေနေကြသည်။ အစိုးရအာဏာပိုင်များက ငွေကြေးနှင့် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်ပြုမည့် ခြိမ်းခြောက်မှုမျိုးအပါအဝင် အကျပ်ကိုင်မှု နည်းမျိုးစုံသုံးလျက် အိမ်ထောင်စုများထံမှ အဓမ္မလုပ်အား ရယူနေကြသည်။ ဝေးလံခေါင်ပါး နယ်စွန်နယ်ဖျားအရပ်များရှိ လူနည်းစုတိုင်းရင်းသားအပါအဝင် စစ်ရေးကိစ္စ အများဆုံးရှိနေရာဒေသများတွင် နေထိုင်ကြသူများသည် အဓမ္မခိုင်းစေခံရနိုင်ခြေများကြသည်။ မြန်မာစစ်တပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေရာ ကချင်ပြည်နယ်ရှိ လူနည်းစုတိုင်းရင်းသားများသည် လူကုန်ကူးခံရရန် အန္တရာယ်ရှိနေသည်။ အမျိုးသား၊ အမျိုးသမီးနှင့်ကလေးများကို စစ်တပ်နှင့် အရပ်ဘက်အရာရှိများက အဓမ္မခိုင်းစေပြီး အသက် ၁၁ နှစ်အရွယ် ကလေးများအပါအဝင် အမျိုးသားများနှင့် ကလေးများကို ရန်ပြုခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက်ခြင်းများပြုကာ စစ်သားအဖြစ် စုဆောင်းသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း ယင်းကဲ့သို့ ပြုမူကြသည်။ စောင့်ကြည့်သူများအဆိုအရ တပ်ပြေးအရေအတွက်ကို ကာမိစေရန် ထောင်ဂဏန်းချီသော ကလေးများသည် အဓမ္မစစ်သားစုဆောင်းခြင်း ခံနေရသည်ဟုသိရသည်။ မြို့ပြဆင်ခြေဖုံးရှိ ချို့တဲ့သူကလေးများသည်

အထူးသဖြင့် စစ်သားစုဆောင်းခံနေကြရသည်။ ကုလသမဂ္ဂ၏ ယခင် အစီရင်ခံစာများအရ စစ်တပ်သည် မိဘမဲ့ကလေးများ၊ လေလွင့်ကလေးများ၊ ဘူတာရုံများမှ ကလေးများနှင့် ကိုရင်ကလေးများကိုပင် ပစ်မှတ်ထားစုဆောင်းနေသည်ဟု သိရသည်။ ပုဂ္ဂိုလ်ရေးအဆိုများအရ စစ်တပ်သို့ မဝင်လျှင် ထောင်ချမည်ဟု ခြိမ်းခြောက်တတ်ပြီး ရံဖန်ရံခါ ကိုယ်ထိလက်ရောက် ညှဉ်းပန်းခြင်းပြုသည်ဟုဆိုသည်။ ကလေးများကို ပုဂ္ဂလိကတစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့လိုက် လက်ဖက်ရည်ဆိုင်၊ အိမ်တွင်းကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးများ၌ ခိုင်းစေသလို သူဖုန်းစားများအဖြစ်ပါ ခိုင်းစေကြကြောင်း သိရသည်။ ခေါင်းပုံဖြတ်သူများဆိုလျှင် မိန်းကလေးများကို အထူးသဖြင့် မြို့ ပြများ၌ လိင်ကုန်ကူးကြသည်။ ပုဂ္ဂိုလ်ရေးအထောက်အထားများ၏ ဆိုညွှန်းချက်အရ ပြည်ပနိုင်ငံသား ကလေးကြိုက်သူအနည်းငယ်သည် မြန်မာနိုင်ငံထဲ၌ပင် လာရောက် ကျူးလွန်သည်ဟုဆိုသည်။ စောင့်ကြည့်သူများက ဇည့်သွားလုပ်ငန်းတိုးမြင့်လာသည်နှင့်အမျှ ယင်းကဲ့သို့သောရာဇဝတ်မှု တိုးပွားလာမည်ကို စိုးရိမ်နေကြသည်။

မြန်မာနိုင်ငံအစိုးရသည် လူကုန်ကူးမှုပပျောက်ရေးဆိုင်ရာ အနိမ့်ဆုံးစံသတ်မှတ်ချက်ကိုပင် အပြည့်အဝ ဖော်ဆောင်ခြင်း မရှိသေးပေ။ သို့သော် မြင်သာထင်ရှားသော အားထုတ်မှုကိုမူ ဆောင်ရွက်လာနေသည်။ အဓမ္မခိုင်းစေခြင်းနှင့် ကလေးစစ်သားစုဆောင်းခြင်းကဏ္ဍတို၌ ယခင်ကမလုပ်ခဲ့ဖူးသော ဆောင်ရွက်မှုမျိုးဖြင့် ကိုင်တွယ်လာနေသည်။ ဤဆောင်ရွက်ချက်များမှာ လာမည့်နှစ်အတွင်း လူကုန်ကူးမှုဆန့်ကျင်ရေး ပြုပြင်ပြောင်းလဲမှုတွင် လက်ခံနိုင်လောက်သော လုပ်ဆောင်မှုများဖြစ်သည်။ အမျိုးသမီးနှင့် မိန်းကလေးများကို နယ်စပ်ဖြတ်ကျော် လိင်ကုန်ကူးမှုအား နှိမ်နင်းရေးတွင် အာဏာပိုင်များသည် ထိထိရောက်ရောက် ဆက်လက်အားထုတ်လာပြီး လူကုန်ကူးမှုပုံစံအားလုံးကို တွေ့သိသူလူထုက အသိပေးတိုင်ကြားနိုင်သော အထူးတယ်လီဖုန်းလိုင်း ဖွင့်ပေးခဲ့သည်။ အစိုးရသည် အဓမ္မခိုင်းစေမှုကို ခွင့်ပြုသော ခေတ်ဟောင်းဥပဒေများကို ရုပ်သိမ်းခြင်း၊ မည်သူမျှ အဓမ္မခိုင်းစေပိုင်ခွင့်မရှိစေရအောင် ပြတ်သားရှင်းလင်းသော ဥပဒေများကို ပြဋ္ဌာန်းပေးခြင်း၊ ၂၀၁၅ ခုနှစ်အရောက်၌ အဓမ္မခိုင်းစေမှု လုံးဝပပျောက်စေမည့် လုပ်ငန်းစီမံကိန်းကို နိုင်ငံတကာအလုပ်သမားအဖွဲ့နှင့်အတူ ရည်မှန်းချက်မြင့်မားစွာဖြင့် ပူးပေါင်းခြင်းတို့ကို ပြုလုပ်လာသည်။ မည်သို့ပင်ဆိုစေကာမူ အရပ်သားများကို အဓမ္မခိုင်းစေမှု၊ စစ်ဘက်နှင့်သောင်းကျန်းသူများက ကလေးစစ်သားစုဆောင်းမှုတို့သည် အရေးကြီးသောပြဿနာအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ ယခင်အစိုးရ၏ လှုံ့ဆော်ခွင့်အရေးချိုးဖောက်မှုများနှင့် စီးပွားရေးဆိုင်ရာ ခန့်ခွဲမှုညံ့ဖျင်းခြင်းတို့နှင့်အတူ မြန်မာ့စစ်တပ်က ကျယ်ပြန့်စွာ ကလေးစစ်သား ဆက်လက်စုဆောင်းခြင်းနှင့် ကလေး၊ လူကြီး အဓမ္မစေခိုင်းမှုတို့ကို ကျူးလွန်နေခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် ပြည်တွင်းပြည်ပ၌ မြင်သာထင်ရှားစွာ ဖြစ်ထွန်းနေသော လူကုန်ကူးမှုပြဿနာမှ ရုန်းမထွက်နိုင်ဖြစ်နေရသည်။ (၁) အဓမ္မခိုင်းစေမှုနှင့် ကလေးစစ်သားစုဆောင်းခြင်း အရေးကိစ္စအပေါ်၌ အစိုးရ၏ တာဝန်ယူမှုအားနည်းခြင်း၊ (၂) ဆက်လက်၍ ဖိနှိပ်ခြင်းနှင့် (၃) အပြစ်ကျူးလွန်သူတို့ အပြစ်ပေးမခံရခြင်း စသည့် အချက်များသည် မြန်မာနိုင်ငံ၏ ထူးခြားမြင်သာသော လူကုန်ကူးမှုပြဿနာ၏ ထိပ်ဆုံးအကြောင်းတရားများကို ကိုယ်စားပြုနေပေသည်။

မြန်မာနိုင်ငံအတွက် အကြံပြုချက်များ

- အစိုးရဝန်ထမ်းများ၊ အထူးသဖြင့် စစ်မှုထမ်းများ ကျူးလွန်နေသော အဓမ္မခိုင်းစေခြင်းပြစ်မှုတို့ကို ပပျောက်စေရေးအတွက် နိုင်ငံတကာ အလုပ်သမားအဖွဲ့၏ လုပ်ငန်းစီမံကိန်းပါ သတ်မှတ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန်၊
- လူမျိုးစုလက်နက်ကိုင်များနှင့် တပ်မတော်တို့က ကလေးငယ်များအား တရားမဝင် စစ်သားစုဆောင်းနေမှုတို့ကို ဖော်ထုတ်လျက် ကျူးလွန်သူများအား ရာဇဝတ်ကြောင်းအရ အရေးယူကာ ပြစ်ဒဏ်ချမှတ်ခြင်းအပါအဝင် တိုးခဲ့အစီအမံများကို ဆောင်ရွက်ရန်၊
- ကလေးစစ်သားစုဆောင်းခြင်းအပါအဝင် အလားတူ ရာဇဝတ်မှုများဖြစ်သည့် ပြည်တွင်းလူကုန်ကူးမှုတို့ကို ကျူးလွန်နေသော အရပ်ဘက်နှင့် စစ်ဘက်ပုဂ္ဂိုလ်တို့အား ရာဇဝတ်မှုအရ တရားစွဲဆိုခြင်းအပါအဝင် စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့၌ အားထုတ်မှု တိုးမြှင့်ရန်၊
- လက်နက်ကိုင်တပ်ဖွဲ့များထဲ၌ တာဝန်ထမ်းဆောင်နေသော ကလေးစစ်သားများကို မြန်ဆန်စွာ ဖော်ထုတ်လျက် နုတ်ထွက်ခွင့်ပြုရန်၊
- ကလေးစစ်သားများအား ဖော်ထုတ်လျက် မိသားစုနှင့် ပြန်လည်ပေါင်းစည်းစေခြင်းနှင့် ပြန်လည်ထူထောင်ပေးရန်အတွက် စစ်သားစုဆောင်းရေးဌာနများ၊ လေ့ကျင့်ရေးဌာနများနှင့် စစ်စခန်းများ၌ ကုလသမဂ္ဂ၏ စစ်ဆေးပိုင်ခွင့်ကို တိုးမြှင့်ခွင့်ပြုရန်၊

- တပ်ပြေးကလေးများနှင့် ထွက်ပြေးရန်အားထုတ်သော ကလေးများအား ဖမ်းဆီးထောင်ချခြင်းကို ရပ်တန့်ရန်နှင့် အကျဉ်းကျခံ ကလေးစစ်သားဟောင်းများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်၊
- သားကောင်ဖြစ်ရသူများကို ဖော်ထုတ်ရေးနှင့် သားကောင်များအတွက် ကွန်းခိုရာစီစဉ်ပေးမှုအပါအဝင် အကာအကွယ်ပေးရေးတို့ကို ပို၍ကောင်းမွန်စေရန် ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့များနှင့် လက်တွဲလုပ်ဆောင်မှုကို တိုးမြှင့်ရန်၊
- သားကောင်ဖြစ်ဖူးသူများကို ဖော်ထုတ်ကာ ၎င်းတို့ကို အခြားသော သားကောင်များတည်ရှိရာကို ညွှန်ပြသည့်စနစ်ကို အကောင်အထည်ဖော်ရန်၊
- စီးပွားရေးလုပ်ငန်းအတွက် အမျိုးသမီးများနှင့် ကလေးများအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်သော ပြည်တွင်းလူကုန်ကူးနေခြင်း အပေါ် ပို၍ အာရုံထားလျက် စူးစိုက်ရန်၊

ဥပဒေအရ အရေးယူခြင်း

မြန်မာအစိုးရသည် ယခုနှစ်အတွင်းတွင် နိုင်ငံတကာနယ်ခြားများကို ဖြတ်သန်း၍ အမျိုးသမီးနှင့် မိန်းကလေးများအား အဓမ္မ ထိမ်းမြားစေခြင်းအပါအဝင် လူကုန်ကူးနေခြင်းတို့ကို ဥပဒေဖြင့် ထိန်းချုပ်ရန် ဆက်လက်အားထုတ်နေသည်ဟု အစီရင်ခံထားသည်။ သို့သော် ပြည်တွင်း၌ လူကုန်ကူးနေသူများ၊ အထူးသဖြင့် စစ်ဘက်ပုဂ္ဂိုလ်များ၏ ကလေးစစ်သားအပါအဝင် အဓမ္မ စစ်သားစုဆောင်းခြင်းနှင့် အဓမ္မ ခိုင်းစေမှု ကျူးလွန်မှုများကို စုံစမ်းဖော်ထုတ်ခြင်း၊ တရားစွဲဆိုခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းကိစ္စတို့၌ မြင်သာသော တိုးတက်မှုကို မပြနိုင်ချေ။ အစိုးရသည် ယခင်နှစ်များက အလုပ်သမားအရေး တက်ကြွလှုပ်ရှားမှုနှင့် အလုပ်သမားအရေး လှုပ်ရှားမှုတို့ကြောင့် ဖမ်းဆီးခဲ့သော ပုဂ္ဂိုလ်ကိုးဦးကို ဆက်လက်ချုပ်နှောင်ထားဆဲဖြစ်သည်။ ထိုကိစ္စအတွက် အိုင်အယ်လ်အိုက စိုးရိမ်ကြောင်း ဆက်လက်ပြောကြားလျက်ရှိသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီအတွင်း၌ လွှတ်တော်သည် "၁၉၀၇ ခုနှစ် ကျေးလက်နှင့် မြို့ပြများအက်ဥပဒေ"ဟုခေါ်သော နိုင်ငံသားများအား အစိုးရဝန်ထမ်းများက အဓမ္မခိုင်းစေခွင့်ကို တရားဝင် ပြတ်ပြတ်သားသားခွင့်ပြုပေးထားသည့် ခေတ်မမီတော့သော ကိုလိုနီခေတ်ဥပဒေနှစ်မျိုးကို ဖျက်သိမ်းပေးခဲ့သည်။ ထိုသို့သော ခေတ်ကုန်ဥပဒေနှစ်မျိုးကို ဖျက်သိမ်းပေးခြိန်တွင်ပင် အစိုးရသည် "ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးအက်ဥပဒေ"ကို ပြဋ္ဌာန်းပေးခဲ့ကာ ၂၀၁၂ ခုနှစ် မတ်၌ နောက်ဆက်တွဲ ဥပဒေပြင်ဆင်ချက် ပြဋ္ဌာန်းအပြီးတွင် အဓမ္မခိုင်းစေသူ မည်သူကိုမဆို ပြတ်သားစွာ တားမြစ်ခြင်းနှင့် အရေးယူခြင်းပြုခဲ့သည်။

မြန်မာနိုင်ငံသည် လိင်ကုန်ကူးခြင်းနှင့် လုပ်အားကုန်ကူးခြင်းတို့ကို "၂၀၀၅ ခုနှစ် လူကုန်ကူးမှုဆန့်ကျင်ရေးဥပဒေ"ဖြင့် တားမြစ်ခဲ့သည်။ ထိုဥပဒေ၏ ပြစ်မှုဆိုင်ရာ အပြစ်ဒဏ်များသည် အဓမ္မမုဒိမ်းကျင့်မှုအတွက် ပြဋ္ဌာန်းထားသော အပြစ်ဒဏ်များကဲ့သို့ပင် လုံလောက်စွာ ပြင်းထန်မှုရှိသလို မျှတမှုလည်း ရှိသည်။ ကလေးစစ်သားစုဆောင်းမှုအပါအဝင် အဓမ္မခိုင်းစေမှုပြုခြင်းသည် "ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်မှုအက်ဥပဒေ" နှင့် "ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၄"တို့၏ ပြဋ္ဌာန်းချက်အရ ရာဇဝတ်မှုမြောက်ပြီး ထောင်ဒဏ်တစ်နှစ်ထိ သို့မဟုတ် ငွေဒဏ် သို့မဟုတ် နှစ်မျိုးစလုံး ကျခံရနိုင်သည်။ ထို့ပြင် မြန်မာနိုင်ငံ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ-၃၅၉ တွင်လည်း အဓမ္မခိုင်းစေခြင်းကို တားမြစ်ထားသည်။ မြန်မာစစ်တပ်၏ အာဏာနှင့်သြဇာက အရပ်ဘက်၊ ရဲတပ်ဖွဲ့နှင့် တရားရုံးများ၏ စွမ်းဆောင်ရည်အပေါ် ဆက်လက် ကန့်သတ်ထားသဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ ကျူးလွန်နေသော အဓမ္မခိုင်းစေမှုနှင့် ကလေးစစ်သားစုဆောင်းခြင်းတို့ကို ကိုင်တွယ်ရန် မစွမ်းသာချေ။ အဆင့်မြင့် စစ်ဘက်အရာရှိကြီးများ၏ သဘောတူညီချက်မရလျှင် ဥပဒေအရာရှိများသည် ထိုသို့သောအမှုများကို စုံစမ်းထောက်လှမ်းခြင်းနှင့် ဥပဒေအရအရေးယူခြင်း မပြုဝံ့ကြချေ။ မည်သို့ဆိုစေ ယခုနှစ်အတွင်းတွင် ကလေးစစ်သား စုဆောင်းမှုနှင့် ပတ်သက်သော စစ်ဘက်အမှုထမ်းများအား ကာကွယ်ရေးဝန်ကြီးဌာနကိုယ်တိုင်က စုံစမ်းဖော်ထုတ်ခြင်းနှင့် အရေးယူခြင်းများ ပြုခဲ့သည်ဟု ဆိုသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ၂၆ ဖွဲ့ ဖွဲ့စည်းပြီး အဓိကကျသော မြို့ကြီးများနှင့် နိုင်ငံတကာနယ်စပ်ဖြတ်ကူးစခန်းများတွင် စောင့်ကြပ်ကာ လူကုန်ကူးမှုတွင် သံသယရှိသောသူများကို ရှာဖွေဖော်ထုတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဖမ်းဆီးအရေးယူခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိနေသည်။ ၂၀၁၁ ခုနှစ်အတွင်း လူကုန်ကူးမှု ၁၃၆ မှုကို စုံစမ်းဖော်ထုတ်ခဲ့ပြီး ကျူးလွန်သူ ၂၃၁ ဦးကို တရားဥပဒေအတိုင်း အရေးယူခဲ့သည်။ ထိုကျူးလွန်သူများထဲတွင် အမျိုးသမီး ၁၆၀ ဦး ပါနေပြီး ၂၀၁၀ ပြည့်နှစ်တွင်

အရေးယူခံရသူ အမျိုးသမီး ၂၃၄ ဦး ရှိခဲ့သည်။ မြန်မာနိုင်ငံတရားရုံးများကမူ တရားစီရင်ရေးတွင် ဆက်လက်၍ ထင်သာမြင်သာမရှိသေးဘဲ ခုခံကာကွယ်သူများအတွက် ရသင့်သော အခွင့်အရေးလုပ်ထုံးဘက်တွင် အားနည်းမှုရှိဆဲဖြစ်သည်။ မြန်မာ့တရားရေးစနစ်သည် စစ်ဘက် အာဏာပိုင်များ၏သြဇာမှ လွတ်ကင်းစွာရပ်တည်ပိုင်ခွင့် နည်းပါးနေသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် မြန်မာအစိုးရထုတ်ပြန်သော တရားစီရင်ရေးဆိုင်ရာ စာရင်းဇယားများကို တစ်ခါတစ်ရံ ဆန်းစစ်အတည်ပြု၍ မရနိုင်ဖြစ်ရသည်။ တစ်ဖန် ရဲတပ်ဖွဲ့၌ လေ့ကျင့်တတ်မြောက်မှုနှင့် လုပ်ငန်းစွမ်းရည် အကန့်အသတ်ရှိနေသည့်အပြင် တရားစီရင်ရေးဘက်၌လည်း ပွင့်လင်းမြင်သာရှိမှု နည်းပါးခြင်းတို့ တွဲဖက်မိသောအခါ အာဏာပိုင်များက ထုတ်ပြန်ပေးသည့် လူကုန်ကူးမှုဆိုင်ရာ စာရင်းဇယားဆိုသည်မှာ လူကုန်ကူးမှု အစစ်အမှန် ဟုတ်မဟုတ် ရေရာမှုမရှိတော့ပေ။

အဂတိလိုက်စားခြင်းနှင့် တာဝန်ယူမှုနည်းပါးခြင်းသည် မြန်မာနိုင်ငံ၌ ပုံနှံ့နေဆဲဖြစ်ပြီး လူအဖွဲ့အစည်း၏ မျက်နှာစာပေါင်းစုံကို ထိပါးနေသည်။ အရာရှိများသည် အကြိမ်ကြိမ် အဂတိလိုက်စားလျက် အပြစ်ဒဏ်မှလည်း ကင်းလွတ်ခွင့်ရနေသည်။ အဓမ္မခိုင်းစေမှုများ၌ အဆက်အသွယ်ကောင်းသော ပုဂ္ဂိုလ်များပါဝင်လာပါက ရဲတပ်ဖွဲ့ကလည်း အလိုအလျောက်ပင် စုံစမ်းစစ်ဆေးမှုကို ရှောင်ကွင်းတတ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနက စစ်ဘက်အမှုထမ်းအချို့အား လူကုန်ကူးမှုအတွက် အရေးယူကြောင်း ထုတ်ပြန်သော်လည်း အစိုးရအဖွဲ့ကမူ လူကုန်ကူးမှုနှင့် ပတ်သက်၍ အရာရှိများအား ရာဇဝတ်မှုအရ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် ထိရောက်စွာ အရေးယူခြင်းပြုလုပ်ကြောင်း အစီရင်ခံစာထုတ်ပြန်မှု မရှိချေ။ ယခုနှစ်အတွင်းတွင် ပြည်ပအလှူရှင်တစ်ဦးက ရဲတပ်ဖွဲ့အရာရှိများအား လူကုန်ကူးမှုဆိုင်ရာ သင်တန်းအချို့ပို့ချပေးခဲ့သည်။

ယခုနှစ်အတွင်းတွင် ယခင်နှစ်ကနှင့်မတူဘဲ အစိုးရအဖွဲ့သည် အိုင်အယ်လ်အိုအပြင် အခြား နိုင်ငံတကာမိတ်ဖက်များနှင့်ပါ ပူးပေါင်းဆောင်ရွက်မှုကို မမျှော်လင့်ဘဲ ပြသလာပြီး စစ်ဘက်နှင့် အရပ်ဘက်အုပ်ချုပ်ရေး အရာရှိများ၏ အဓမ္မခိုင်းစေမှုနှင့် ကလေးစစ်သား စုဆောင်းမှုဟူသော တာရှည်ဖြစ်ပွားလျက်ရှိသည့် ပြဿနာများအတွက် ဖြေရှင်းရန်နည်းလမ်းများကို ဆွေးနွေးလာသည်။ အိုင်အယ်လ်အိုသည် အဓမ္မခိုင်းစေမှု တိုင်တန်းချက်များကို ဆက်လက် လက်ခံ စုံစမ်းစစ်ဆေးပေးလျက်ရှိသည်။ ၂၀၁၁ ခုနှစ်အတွင်း တိုင်တန်းမှု ၃၂၄ မှုကို လက်ခံရရှိခဲ့ပြီး ထိုအထဲမှ ၂၃၆ မှုသည် စစ်ဘက်မှ ကလေးစစ်သားစုဆောင်းမှုနှင့် ပတ်သက်နေသည်ဟု ဆိုသည်။ ၂၀၁၁ ခုနှစ်အတွင်း အိုင်အယ်လ်အိုက မြန်မာအစိုးရထံသို့ အမှုတွဲ ၁၄၅ တွဲ တင်သွင်းခဲ့ပြီး အစိုးရက အမှုတွဲ ၈၀ ကို ဖြေရှင်းပေးသည်။ အိုင်အယ်လ်အို၏အဆိုအရ အမှုတွဲ ၆၅ တွဲသည် ကြန့်ကြာနေပြီး ငါးတွဲကိုမူ "ကျေနပ်ဖွယ်မရှိသောရလဒ်"ဖြင့် ပိတ်သိမ်းလိုက်ရကြောင်း သိရသည်။ နှစ်ပေါင်းအတော်ကြာတွင် ပထမဆုံးအကြိမ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနသည် အဓမ္မခိုင်းစေမှုကြောင့် အရေးယူခံရသော စစ်မှုထမ်းစာရင်းကို ထုတ်ပြန်ပေးသည်။ အရာရှိလေးဦးနှင့် အမှုထမ်း ၃၇ ဦးအား "မလျော်ကန်သော စစ်သားစုဆောင်းမှုလုပ်ရပ်"ကြောင့် အပြစ်ပေးခဲ့သည်။ သို့သော် မည်သူမျှ ထောင်ဒဏ်ချမှတ်ခြင်း မခံခဲ့ရပေ။ အရာရှိလေးဦးသည် တရားဝင် သတိပေးခံရသည်။ စစ်မှုထမ်း ၂၂ ဦးကို သတိပေးခဲ့ကာ ကိုးဦးကို လစာမဲ့ ခုနစ်ရက် ရာထူးရပ်ဆိုင်းခဲ့သည်။ စစ်မှုထမ်းတစ်ဦးကို လစာမဲ့ ဆယ့်လေးရက် ရာထူးရပ်ဆိုင်းပြီး အခြားတစ်ဦးကို ရာထူးတစ်ဆင့် လျှော့ချခဲ့ သည်။

ကာကွယ်မှုပေးခြင်း

လူကုန်ကူးခံရသူတို့ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရေးနှင့် ကူညီမှုရရှိစေရေးဘက်၌ မြန်မာအစိုးရက တိုးတက်မှုရှိအောင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာ၌ စတင်တပ်ဆင်ပေးခဲ့သော လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့် အထူးတယ်လီဖုန်းလိုင်းကြောင့် လူကုန်ကူးခံရသူ ၅၇ ဦးကို ကယ်တင်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီတွင်လည်း လူကုန်ကူးမှုဆန့်ကျင်ရေး ဝက်ဘ်ဆိုက်ကို လွှင့်တင်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ်ထဲတွင် အစိုးရအရာရှိများက အမျိုးသား ၁၄ ဦးပါဝင်သော လူကုန်ကူးခံရသူ ၁၇၇ ဦးအား ဖော်ထုတ်နိုင်ခဲ့သည်။ ဖော်ထုတ်ပေးနိုင်ခဲ့သော သားကောင်များအနက် ၆၉ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံ၌ အဓမ္မထိမ်းမြားခံရသော အမျိုးသမီးနှင့် မိန်းကလေးများဖြစ်သည်။ (၂၀၁၀ ပြည့်နှစ်က ယင်းဖြစ်ရပ်မျိုး ၈၂ ရာခိုင်နှုန်း ရှိခဲ့၏။) ကျန် ၃၁ ရာခိုင်နှုန်းသည် ပြည်ပ၌ အဓမ္မခိုင်းစေခံရသူများနှင့် ပြည်တွင်းတွင်ပင် အဓမ္မခိုင်းစေခြင်းနှင့် လိင်ကုန်ကူးခံရသူများဖြစ်သည်။ ထိုစာရင်းဇယားကိုတင်ပြသော အစည်းအဝေး၌ပင် အကြီးတန်း မြန်မာအရာရှိတစ်ဦးက ဤစာရင်းဇယားသည် အဓမ္မခိုင်းစေရန်အတွက် ကုန်ကူးခြင်းခံရသူအရေအတွက် တိုးပွားလာနေခြင်းကို ပြသနေသော်

လည်း အရေအတွက်မှန်ထက် နည်းပါးနေသေးကြောင်း ဝန်ခံတင်ပြသွားသည်။ ၂၀၁၁ ခုနှစ်ထဲတွင် အစိုးရက သားကောင် ၁၆ ဦးအတွက် လူကုန်သည်များဆီမှ သိမ်းဆည်းရမိသည့်ဘဏ္ဍာထဲမှ ဒေါ်လာ ၅၄၀၀ ကို နစ်နာကြေးအဖြစ် ထုတ်ပေးခဲ့သည်။ ၂၀၁၂ ခုနှစ် မတ်တွင် အစိုးရသည် " လူကုန်ကူးမှုဆိုင်ရာရန်ပုံငွေ"ကို ထူထောင်ပေးခဲ့သည်။ အဓမ္မခိုင်းစေခြင်းအတွက် အိုင်အယ်လ်အို တိုင်ချက်ဖွင့်ရေးလုပ်ငန်းစဉ်ကို ပူးတွဲအကောင်အထည်ဖော်ရေး အစီတ်အပိုင်းအဖြစ် အစိုးရသည် စစ်မှုထမ်းရန်စုဆောင်းခံခဲ့ရသော ကလေး ၅၇ ဦးအား ဖော်ထုတ်ကာ လွတ်ငြိမ်းခွင့်ပေးခဲ့သည်။ စစ်သားအဖြစ် အဓမ္မစုဆောင်းခံရကြောင်း ဖော်ထုတ်နိုင်ပါက ထိုကလေးများအားလုံးကို လွတ်ငြိမ်းခွင့်ပေးနိုင်ခြင်းသည် အပြည့်အဝနီးပါး အောင်မြင်မှုတစ်ရပ်ဟု ကုလသမဂ္ဂက ဆိုသည်။ သို့သော်လည်း မြန်မာစစ်တပ်သည် ကလေးစစ်မှုထမ်းခြင်း အထောက်အထားကို တက်ကြွစွာ စုဆောင်းရာဖွေခြင်းမရှိသလို စုံစမ်းစစ်ဆေးခြင်းကိုလည်း ကိုယ်တိုင် ကနဦးခြေလှမ်းအဖြစ် ဆောင်ရွက်ခြင်းမရှိခဲ့ချေ။ အခြားသော တိုးတက်မှုကောင်းတစ်ရပ်မှာ ၂၀၁၁ ခုနှစ်အတွင်း အရာရှိများ၏အကျပ်ကိုင်မှု၊ အချုပ်ချမှု သို့မဟုတ် အဓမ္မမခိုင်းစေခြင်းအတွက် အရာရှိများကို စွပ်စွဲခြင်းအပေါ် အပြစ်ဒဏ်ပေးမှု စသည်တို့အတွက် တိုင်တန်းမှုမရှိခဲ့ချေ။ ထို့ပြင် ယခင်နှစ်က တိုင်တန်းမှုကြောင့် အကျဉ်းကျခံရသော တိုင်တန်းသူများကို ၂၀၁၁ ခုနှစ်အတွင်း ပြန်လွှတ်ပေးခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်း တရုတ်နိုင်ငံမှ ၁၄၇ ဦး၊ ထိုင်းနိုင်ငံမှ ၇၂ ဦး အပါအဝင် မြန်မာနိုင်ငံမှ လူကုန်ကူးခံရသူပေါင်း ၂၂၉ ဦးကို အခြားအစိုးရများက ရှာဖွေဖော်ထုတ်ကာ မြန်မာနိုင်ငံသို့ ပြန်ပို့ပေးခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ထဲတွင် ပြည်ပအာဏာပိုင်များက လူကုန်ကူးခံရသူ ၃၄၈ ဦးကို မြန်မာနိုင်ငံသို့ ပြန်ပို့ခဲ့ရာ ၂၀၁၁ ခုနှစ် အရေအတွက်မှာ လျော့ကျလာကြောင်း တွေ့ရသည်။ ပြီးခဲ့သောနှစ်များက နိုင်ငံပြန်ပို့ခံ မြန်မာသားကောင်များကို သူတို့၏ဆန္ဒမပါဘဲ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ပြန်လည်ထူထောင်ရေးစခန်းများ၌ အနည်းဆုံး သီတင်းနှစ်ပတ်တာ စခန်းသွင်းထားခဲ့သည်။ သို့သော် ထိုသူတို့ကို လက်ခံမည့် အရွယ်ရောက် မိသားစုဝင် မပေါ်ပေါက်ပါက စခန်း၌ ဆက်လက်ထိန်းသိမ်းခဲ့ကြသည်။ ၂၀၁၁ ခုနှစ် နှောင်းပိုင်းတွင် အစိုးရက ထိုလုပ်ထုံးကို လူကုန်ကူးခံသားကောင်များ စောင့်ရှောက်ရေး နိုင်ငံတကာစံအရ ရပ်တန့်ခဲ့သည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာမှစတင်လျက် နိုင်ငံပြန်ပို့ခံရသော သားကောင်များကို ရွေးချယ်စရာ နည်းလမ်းနှစ်သွယ်ဖြင့် အစိုးရ၏ ပြန်လည်ထူထောင်ရေးစခန်းသို့ဖြစ်စေ၊ မိမိ၏ ဇာတိရပ်ရွာသို့ဖြစ်စေ ချက်ခြင်း သွားခွင့်ပြုသည်။ ၂၀၁၁ ခုနှစ် နှောင်းပိုင်းတွင် အစိုးရအဖွဲ့သည် အိုင်အိုအမ်အဖွဲ့၏အကူအညီဖြင့် လူကုန်ကူးခံသားကောင်များအား ဖေးမစောင့်ရှောက်သော လုပ်ထုံးစည်းကမ်းတစ်စုံကိုပြုစု၍ လူမှုဝန်ထမ်းကူညီဆောင်ရွက်သူများလက်ဝယ်သို့ ဖြန့်ချိခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ လူကုန်ကူးခံသားကောင်များကို ရေရှည်ပံ့ပိုးရေးအတွက် အစိုးရက ဖြည့်ဆည်းပေးသော အရင်းအမြစ်သည် အလွန်နည်းပါးနေဆဲဖြစ်သည်။ အစိုးရ၏ စောင့်ရှောက်ရေးစခန်းတွင် ရှိနေစဉ်၌ သားကောင်တို့သည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအပြင် လမ်းညွှန်ဆွေးနွေးမှုကိုလည်း ရရှိသည်။ သို့သော် နိုင်ငံတကာစံထက် နိမ့်ကျတတ်သည်။ သားကောင်တို့သည် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လမ်းညွှန်ဆွေးနွေးပေးသောပုဂ္ဂိုလ်များ၏ အကူအညီကိုရရှိရန် အကန့်အသတ်ရှိသည်။ လူကုန်ကူးခံ အမျိုးသားများအတွက် နားခိုစရာနေရာဟူ၍ မရှိသေးပေ။ အင်န်ဂျီအိုများအား အစိုးရ၏ နားခိုစောင့်ရှောက်ရေးစခန်းများရှိ သားကောင်များနှင့် ရံဖန်ရံခါ တွေ့ခွင့်ပေးသည်။ သို့သော် အင်န်ဂျီအိုများကိုယ်တိုင် နားခိုစောင့်ရှောက်ရေးစခန်းများဖွင့်လှစ်ရန် အစိုးရက ခွင့်မပြုသေးချေ။ ၂၀၀၆ ခုနှစ်ကတည်းက လူကုန်ကူးခံရသူများကို ဖော်ထုတ်သော တရားဝင် လုပ်ထုံးလုပ်နည်းစနစ်ကို အစိုးရက အသုံးပြုနေခဲ့သည်။ လူကုန်ကူးမှုစုံစမ်းဖော်ထုတ်ရေးနှင့် ဥပဒေအရအရေးယူရေးတွင် အစိုးရက သားကောင်ဖြစ်ဖူးသူများအား ပါဝင်ကူညီခွင့်ပြုကြောင်း ဆိုထားသော်လည်း ယင်းသို့ဆောင်ရွက်ရာ၌ ဘဏ္ဍာရေး သို့မဟုတ် အခြားသော ပံ့ပိုးမှုမျိုးကို သားကောင်ဖြစ်ဖူးသူများအား ဆွဲဆောင်မှုအဖြစ် ပေးအပ်ခြင်းရှိမရှိ အထောက်အထားမရှိချေ။ သားကောင်ဖြစ်ဖူးသူများတွင် ၎င်းတို့အား လူကုန်ကူးခဲ့သူများကို တရားစွဲဆိုပိုင်ခွင့်ရှိသော်လည်း အစိုးရဘက်က တရားဥပဒေဆိုင်ရာ ပံ့ပိုးကူညီမှုမျိုး မရှိခဲ့ချေ။

ကြိုတင်ကာကွယ်ခြင်း

လွန်ခဲ့သောနှစ်အတွင်း မြန်မာအစိုးရသည် လူကုန်ကူးမှုပုံစံအားလုံးကို ကြိုတင်ဟန့်တားရေး၌ အားထုတ်မှုတိုးမြှင့်ခဲ့သည်။ အစိုးရ၏ " လူကုန်ကူးမှု နှိမ်နင်းရေးဗဟိုအဖွဲ့" (CB-TIP)တွင် အေဂျင်စီ ၂၆ ခုမှ ကိုယ်စားလှယ်များအပြင် အင်န်ဂျီအိုအချို့ပါ ထည့်သွင်းဖွဲ့စည်းထားသည်။ ထိုအဖွဲ့က အစိုးရ၏ လူကုန်ကူးမှုဆန့်ကျင်ရေးအစီအစဉ်များနှင့် မူဝါဒများကိုတိုးမြှင့်၍ ကိုက်ညီဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ်ထဲတွင် အစိုးရနှင့်ဆက်နွယ်သောအစည်းအရုံးများဟု သတ်မှတ်ခံရသော အဖွဲ့များဖြစ်သည့် "အမျိုးသမီးရေးရာ အဖွဲ့ချုပ်"နှင့် "ပြည်

ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း”တို့ကို ဗဟိုအဖွဲ့ အသင်းဝင်အဖြစ်မှ နုတ်ထွက် ခွင့် ပြုခဲ့သည်။ “ဗဟိုအဖွဲ့”သည် တစ်နှစ်ပတ်လုံး ပုံမှန်အစည်းအဝေးများ ကျင်းပခဲ့ကြပြီး ၂၀၁၂ ခုနှစ် မတ် တွင် အစိုးရအဖွဲ့၊ အင်နှဂျီအိုအဖွဲ့များနှင့် နိုင်ငံခြားသံတမန်များတွေ့ဆုံပွဲတွင် လူကုန်ကူးမှုဆိုင်ရာ ငါးနှစ် (၂၀၁၂-၂၀၁၆) အမျိုးသားအဆင့်ဆောင်ရွက်ရေးစီမံကိန်းကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၁ ခုနှစ်နောင်းပိုင်း တွင် “ဗဟိုအဖွဲ့” သည် လူမှုအခြေပြု လူကုန်ကူးမှုဆန့်ကျင်ရေး စောင့်ကြည့်အဖွဲ့ငယ်ပေါင်း ၁၆၅၈၉ ဖွဲ့ ဖွဲ့စည်းရေးကို ကြီးကြပ်ခဲ့သည်။ သို့သော် ထိုအဖွဲ့ငယ်များ၏ အများစုသည် မည်သို့သော လေ့ကျင့်ပျိုးထောင်မှုကိုမျှ မရကြသေးချေ။

ဤအစီရင်ခံစာ ပြုစုသည့်ကာလအတွင်း၌ အလုပ်သမားဝန်ကြီးဌာနသည် ယခင်က မဆောင်ရွက်ခဲ့ဖူးသောခြေလှမ်းများဖြင့် ပြည်တွင်းနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ အဓမ္မခိုင်းစေခြင်း မခံရစေရေးအတွက် ကြိုတင်ကာကွယ်မှု ပိုမိုအားကောင်းစေရန် ဆောင်ရွက်လာသည်။ ၂၀၁၁ ခုနှစ်နောင်းပိုင်းတွင် အလုပ်သမားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ထိုင်းအစိုးရနှင့် ညှိနှိုင်းလျက် ထိုင်းနိုင်ငံရှိမြန်မာသံရုံးတွင် အလုပ်သမားရေးရာဌာနတစ်ခု တွဲဖက်ဖွင့်လှစ်ခဲ့ပြီး မြန်မာအလုပ်သမားဝန်ကြီးဌာန၏ ဝန်ထမ်းများဖြင့် ထိုင်းနိုင်ငံထဲတွင် အလုပ်သမားကူညီရေးဌာန ငါးနေရာ ဖွင့်လှစ်ရန်စီစဉ်ခဲ့သည်။ ထိုင်းအစိုးရက ထိုဌာနများကို ဖွင့်လှစ်ရန် ခွင့်မပြုသေးသော်လည်း အတည်ပြုခွင့်ပြုချိန်တွင် နိုင်ငံပြန်ပို့ခံရသော မြန်မာလုပ်သားများအတွက် မြန်မာနိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများနှင့် အခြားအကူအညီများကို ထိုဌာနများက ဆောင်ရွက်ပေးမည်ဖြစ်သည်။ မြန်မာအလုပ်သမားဝန်ကြီးဌာနသည် ထိုင်းအစိုးရနှင့် ပူးတွဲဆောင်ရွက်ကာ ၂၀၀၃ ခုနှစ် နိုင်ငံကူးလုပ်သားဆိုင်ရာ “မြန်မာ-ထိုင်း နားလည်မှုစာချွန်”၏ မူဘောင်ထဲမှနေ၍ မြန်မာအလုပ် သမားအရေအတွက် တိုးမြှင့်ရန် အားထုတ်နေသည်။

မြန်မာအစိုးရသည် အစီရင်ခံစာပြုစုသည့်ကာလအတွင်းတွင် လူကုန်ကူးမှုဆိုင်ရာ အသိသုတရရှိရေး လှုံ့ဆော်စည်းရုံးမှုကို မြေစိုက်ကြော်ငြာများ၊ နဖူးစည်းစာတမ်းများ၊ ဟောပြောပွဲများဖြင့် အားထုတ်ခဲ့သည်။ တစ်နှစ်တာကာလအတွင်း “လူကုန်ကူးမှု နှိမ်နှင်းရေးဗဟိုအဖွဲ့” သည် ပြည်တွင်းနှင့် နိုင်ငံတကာအစည်းအရုံးများနှင့် ညှိနှိုင်းရေး အစည်းအဝေးများကို ပုံမှန်ပြုလုပ်ခဲ့သည်။ အိုင်အယ်လ်အိုနှင့် လက်တွဲလျက် အစိုးရသည် တိုင်းရင်းသားဘာသာများဖြင့် ရိုက်နှိပ်ထားသော အဓမ္မခိုင်းစေမှုဆိုင်ရာ လက်ကမ်းစာစောင်ကို နိုင်ငံတစ်ဝန်း ဖြန့်ချိပေးခဲ့သည်။ ထို့ပြင် အသိပညာပေး မြေစိုက်ကြော်ငြာများ စိုက်ထူခြင်း၊ လေဆိပ်များ၊ မီးရထားဘူတာရုံများ၊ ဘတ်စ်ကားဂိတ်များ၌ ပညာပေးရုံငယ်များ ဖွင့်လှစ်ခြင်းတို့ဖြင့် လူထုပညာပေးရေးကို အားထုတ်ခဲ့သည်။ ကုလသမဂ္ဂဘက်မှ အစီရင်ခံရာ၌လည်း ကုလသမဂ္ဂဝန်ထမ်းများသည် စစ်သားစုဆောင်းရေးဌာနများသို့ ဝင်ရောက်ခွင့်ရသည့်အပြင် ယင်းနေရာများတွင် တစ်နှစ်ပတ်လုံး စစ်ဘက်နှင့် အရပ်ဘက်အရာရှိများအား သင်တန်းပို့ချခွင့် ရနေသည်ဟု တင်ပြထားသည်။ အစီရင်ခံနှစ်အတွင်း၌ မြန်မာအာဏာပိုင်များ၏အဆိုအရ ကလေးငယ်များအား လိင်ပိုင်းဆိုင်ရာ ကျူးလွန်ရန် ကြံစည်အားထုတ်သော နိုင်ငံခြားသားတစ်ဦးကို တရားစွဲဆိုနိုင်ခဲ့ပြီး ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။ အစီရင်ခံကာလအတွင်း မြန်မာအစိုးရသည် ပြည်တွင်း၌ အဓမ္မခိုင်းစေလိုသော တောင်းဆိုအားကို လျော့ချနိုင်ရေးအတွက်ကိုမူ မြင်သာသော အားထုတ်မှုမျိုး မပြုခဲ့ချေ။